ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

**All Arakan Students' & Youths' Congress**

P.O.Box-135, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

## <u>အရေးပေါ် သတင်းထုတ်ပြန်ကြေငြာချက်</u>

## လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှ ရခိုင်အရပ်သားအား အသေပစ်ခတ်ခြင်းအပေါ် ချက်ခြင်း အရေးယူဆောင်ရွက်ပေးပါရန်။

၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၀) ရက်

ရခိုင်ပြည်၊ စစ်တွေခရိုင်၊ အကြံ်ားချိုင်ကျွန်းရှိ နတ်ရှင်ကျေးရွာတွင် ၂၀၁၇ ခုနှစ် ဧပြီလ (၃)ရက်နေ့နံနက်(၁၀း၁၅) အချိန်ဂန်းကျင်၌ ဦးဂင်းဌေး (ခေါ်) မောင်ဖြူဒေါင်း အသက် (၂၈)နှစ်အား မြန်မာနိုင်ငံလုံခြုံရေးတပ်ဖွဲ့မှပစ်ခတ်ခြင်းအပေါ် မိမိတို့ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (ရ၊ က၊ လ၊ စ)မှပြင်းထန်စွာရှုတ်ချပါသည်။

ရခိုင်အရပ်သားမောင်ဖြူဒေါင်းအား ကျိုးကြောင်းခိုင်လုံမှုမရှိဘဲပစ်ခတ်မှုပြုလုပ်သူ ရဲဂန်ထမ်းဦးထွန်းလင်း နှင့် ပစ်ခတ်ရန်အမိန့်ပေးခဲ့သူကျေးရွာအုပ်ချုပ်ရေးမှူးဦးသန်းမောင်တို့အားဘက်လိုက်မှုကင်းပြီးလွတ်လပ်စွာအရေးပေါ်စုံစမ်းစစ်ဆေးမှုပြုလုပ်ရေးနှင့်ထိုပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူများအားချက်ခြင်းအရေးယူပေးရန်(ရ၊က၊လ၊စ)မှ မြန်မာအာဏာပိုင်များအားလေးနက်စွာ တောင်းဆိုပါသည်။

ဒေသခံမျက်မြင်သက်သေများမှ မိမိတို့၏ကွင်းဆင်းလေ့လာသူတာဂန်ခံအားပြောပြချက်အရ ဧပြီလ(၃)ရက် တနင်္လာနေ့ ညနေ ခန်းမှန်းခြေ (၁၀:၁၅) အချိန်တွင်ကျောက်ဆူကျေးရွာအုပ်စုရှိလုံခြုံရေးကင်းတပ်ဖွဲ့နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးဦးသန်းမောင်တို့သည်နတ်ရှင်ကျေးရွာအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးစဉ်ဦးမောင်သန်းအမည်ရှိ ရွာသားအားအရက်မူးခြင်းနှင့်ရဲတပ်ဖွဲ့ကင်းလှည့်သည်ကိုစော်ကားမှုတို့ဖြင့်ဖမ်းချုပ်မှုကိုပြုလုပ်ခဲ့ပါသည်။ ဦးမောင်သန်း၏ယောက်ဖဖြစ်သူမောင်ဖြူဒေါင်းသည် ရဲအရာရှိများအားဦးမောင်သန်းကိုဖမ်းဆီးမှုမပြုလုပ်ရန်နှင့် ရဲစခန်းသို့နောက်တစ်နေ့မနက်တွင်ပြဿနာကိုလာရောက်ဖြေရှင်းမှုပြုပါမည်ဟုတောင်းပန်ခဲ့ပါသည်။ကျေးရွာအုပ်ချုပ်ရေးမှူးဦးသန်းမောင်မှမည်သူ့ကိုမှဂရုမစိုက်ဘဲဦးမောင်သန်းကိုဖမ်းဆီးခေါ်ဆောင်သွားရန်နှင့်လိုအပ်ပါကပစ်ခတ်နိုင်ကြောင်းရဲတပ်ဖွဲ့အားပြောကြားခဲ့ပါသည်။ရဲဂန်ထမ်းဦးထွန်းလင်းမှမောင်ဖြူဒေါင်းကိုစတင်ပစ်ခတ်မှုပြုခဲ့ပါသည်။ စုစုပေါင်းကျည်ဆန်(၆)ချက်ပစ်ခတ်ခဲ့သည်ဟု သိရှိရပါသည်။

သုံးချက်မှာဂမ်းဗိုက်သို့ထိမှန်ပြီးပေါင်သို့တစ်ချက်ထိမှန်ခဲ့ပါသည်။ သွေးများစွာဖြင့်မြေပြင်ပေါ် သို့လဲကျသွားသော မောင်ဖြူဒေါင်းအားဆေးရုံသို့ခေါ် ဆောင်သွားရန်စီမံမှုမရှိဘဲလုံခြုံရေးတပ်ဖွဲ့ဂင်များအားလုံးမှာအခင်းဖြစ်ပွားရာနေရာမှထွက်ခွာသွားခဲ့ကြောင်းတွေ့ရှိရပါသည်။

ပြင်းထန်စွာဒဏ်ရာရရှိခဲ့သောမောင်ဖြူဒေါင်းအားဒေသခံကျေးရွာသားများမှစက်လှေအသေးတစ်စီးဖြင့်အကြံ်ားချိုင်ကျွန်းမှပေါက်တောမြို့နယ်ဆေးရုံသို့ ခေါ် ဆောင်လာခဲ့ကြပါသည်။ ဆေးရုံသို့ညသန်းခေါင်အချိန်တွင်ရောက်ရှိခဲ့ပြီး သုံးနာရီအကြာတွင်သွေးထွက်လွန်မှုကြောင့်သေဆုံးခဲ့ပါသည်။

" ဒီလိုမျိုးမြန်မာလုံခြုံရေးတပ်ဖွဲ့ကအပြစ်မဲ့ပြည်သူတစ်ဦးကိုကျိုးကြောင်းခိုင်လုံမှုမရှိဘဲပစ်ခတ်မှုဟာဒီမိုကရေစီပြု

ပြင်ပြောင်းလဲရေးဖေါ် ဆောင်နေတဲ့အချိန်ကာလမှာလက်ခံနိုင်ဖွယ်ဖြစ်ရပ်တစ်ခုမဟုတ်ပါဘူး။ နိုင်ငံသားများရဲ့အခြေခံအခွင့်အရေးများနဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကပေးအပ်ထားတဲ့အခွင့်အရေးများကိုချိုးဖောက်သည်မှာသိသာထင်ရှားနေပါတယ်။နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကိုလည်းဆန့်ကျင်နေပါတယ်။ဒ့ါအပြင်ပြစ်မှုကျူးလွန်သူဟာပြည်သူပြည်သားများအားကာကွယ်စောင့်ရှောက်မှုပေးနေတဲ့လုံခြုံရေးတပ်ဖွဲ့ဝင်ဖြစ်နေပါသေးတယ် " ဟု AASYC မှ လူအခွင့်အရေးမှတ်တမ်းနှင့်သုတေသနဌာနတာဝန်ခံကိုတိန်ဦးမှဆိုသည်။ ထပ်မံပြောဆိုသည်မှာမြန်မာအစိုးရနှင့်သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများဖြစ်ကြသည့်ပြည်ထဲရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှယခုဖြစ်ရပ်အပေါ် ဘက်လိုက်မှုကင်းသော၊လွတ်လပ်သော၊ထိရောက်သောစုံစမ်းစစ်ဆေးမှုများပြုလုပ်ပေးရမည်ဖြစ်ပါသည်။အဆိုပါပြစ်မှုကျူးလွန်သူတွေအတွက်၎င်းတို့မှထိုက်ထံသောပြစ်ဒဏ်များနှင့်အညီအရေးယူပေးရမှာဖြစ်ပါတယ်။

လွတ်လပ်၍ဘက်လိုက်မှုကင်းသောစုံစမ်းစစ်ဆေးမှုကိုပြုလုပ်ရန် တောင်းဆိုသကဲ့သို့ မြန်မာနိုင်ငံလုံခြုံရေးတပ်ဖွဲ့များအနေဖြင့်အရပ်ဘက်အုပ်ချုပ်မှုအောက်တွင် ရှိစေရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက်ကျူးလွန်သူများကိုလည်း တာဝန်ယူမှုရှိကြစေရန် မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်အစည်းအရုံးမှမြန်မာနိုင်ငံအစိုးရအား တိုက်တွန်းပါသည်။

ဆက်သွယ်ရန်:
ကိုတိန်ဦး - အင်္ဂလိပ်၊ မြန်မာနှင့် ရခိုင်ဘာသာ +66 (0) 0881450366
ကိုစောထွန်း - မြန်မာနှင့် ရခိုင်ဘာသာ +95 (0) 09773388464